**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**အမိန့်ကြော်ငြာစာအမှတ်၊ ၁၀၈ /၂၀၂၃**
**၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၉ ရက်**
**(၂၀၂၃ ခုနှစ် ၊ ဇူလိုင် လ ၁၂ ရက်)**

## ပြည်ပနေပုဂ္ဂိုလ်များ အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးသဘောတူစာချုပ် (Avoidance of Double Taxation Agreement - DTA) နှင့်အညီ အခွန်ဆိုင်ရာအကျိုးခံစားခွင့်တောင်းခံနိုင်ရန် ပုံစံများသတ်မှတ်ထုတ်ပြန်ခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၈၆၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မြန်မာနိုင်ငံနှင့် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေး သဘောတူစာချုပ် (Avoidance of Double Taxation Agreement- DTA) ချုပ်ဆိုထားသည့် စာချုပ်ဝင်နိုင်ငံတစ်ခုခုမှ ဌာနေပုဂ္ဂိုလ် (Resident) ဖြစ်သည့် ကုမ္ပဏီ (သို့မဟုတ်) တစ်ဦးချင်းပုဂ္ဂိုလ် (သို့မဟုတ်) ကုမ္ပဏီမှအပ အခြားပုဂ္ဂိုလ်စုတို့က စာချုပ်အရ အခွန်ဆိုင်ရာ အကျိုးခံစားခွင့်တစ်ရပ်ရပ်ကိုခံစားလို၍ တောင်းခံမည်ဆိုပါက သက်ဆိုင်ရာအခွန်ရုံးများသို့တင်ပြရာတွင် အသုံးပြုရမည့် သတ်မှတ်ပုံစံများ နှင့် အခွန်ရုံးမှ ထုတ်ပြန်ရမည့်အကြောင်းကြားစာများအား ဤအမိန့်ကြော်ငြာစာဖြင့် အောက်ပါအတိုင်း ထုတ်ပြန်သတ်မှတ်လိုက်သည် -

| စဉ် | အကြောင်းအရာ | ပုံစံအမှတ် |
|---|---|---|
| ၁။ | အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေး သဘောတူစာချုပ် (DTA) အရ ပြည်ပနေပုဂ္ဂိုလ်အတွက် အခွန်ဆိုင်ရာအကျိုးခံစားခွင့် လျှောက်လွှာပုံစံ | ပတခ (ဝင) -၁၁-၀၁ |
| ၂။ | အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေး သဘောတူစာချုပ် (DTA) အရ ပြည်ပနေပုဂ္ဂိုလ်အတွက် အခွန်ဆိုင်ရာအကျိုးခံစားခွင့် လျှောက်လွှာအပေါ် စစ်ဆေးချက်မှတ်တမ်း | ပူးတွဲ (၁) |
| ၃။ | DTA ဆိုင်ရာ အကျိုးခံစားခွင့်လျှောက်ထားရန် ကိုယ်စားလှယ်လွှဲစာ | ပူးတွဲ (၂) |
| ၄။ | DTA ဆိုင်ရာ အကျိုးခံစားခွင့်ရရှိကြောင်း အကြောင်းကြားစာ | ပတခ (ဝင) -၁၁-၀၂ |
| ၅။ | DTA ဆိုင်ရာ အကျိုးခံစားခွင့် မရရှိကြောင်း အကြောင်းကြားစာ | ပတခ (ဝင) -၁၁-၀၃ |

၂။ မြန်မာနိုင်ငံအတွင်း ဝင်ငွေဖြစ်ထွန်းပေါ်ပေါက်ပြီး ယင်းဖြစ်ထွန်းပေါ်ပေါက်သည့် ဝင်ငွေအပေါ် အခွန်ကျသင့်မည့် ပြည်ပနေပုဂ္ဂိုလ်များ ဖြစ်သည့် ကုမ္ပဏီ (သို့မဟုတ်) တစ်ဦးချင်းပုဂ္ဂိုလ် (သို့မဟုတ်) ကုမ္ပဏီမှအပ အခြားပုဂ္ဂိုလ်စုတို့ အနေဖြင့် (Avoidance of Double Taxation Agreement -DTA) စာချုပ်တွင် ပြဋ္ဌာန်းထားသည့် သတ်မှတ်ဝင်ငွေ အမျိုးအစားများ နှင့်စပ်လျဉ်း၍ အခွန်သက်သာခွင့် (သို့မဟုတ်) ကင်းလွတ်ခွင့် လျှောက်ထားပါက အထက်ဖော်ပြပါ ဇယားအမှတ်စဉ် (၁)၊ (၂)၊ (၃) ပါ သတ်မှတ်ပုံစံများအား အသုံးပြု၍ လျှောက်ထားရမည်ဖြစ်ပါသည်။

(မင်းထွဋ်)
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ၁(၁)/ဥစ-၁/ပတခ/၂၀၂၃( ၅၂၀၁ )
ရက် စွဲ ၊ ၂၀၂၃ ခုနှစ် ဇူလိုင် လ ၁၂ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုဝန်ကြီးရုံး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံစာရင်းကောင်စီ
အခွန်အယူခံခုံအဖွဲ့
ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြေညာပေးပါရန်
ဒုတိယညွှန်ကြားရေးမှူးချုပ် (အားလုံး)
ဌာနခွဲညွှန်ကြားရေးမှူး (အားလုံး)
ဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး (၁)၊ (၂)
ဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)
တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူး (အားလုံး)
ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး } သက်ဆိုင်ရာအခွန်ထမ်းများကို အသိပေးရှင်းလင်းရန် ညွှန်ကြားပေးပို့ပါသည်
ပြန်ကြားရေးအဖွဲ့ (နေပြည်တော်) } ပြည်တွင်းအခွန်များဦးစီးဌာန website တွင် လွှင့်တင်ရန် ညွှန်ကြားပါသည်။

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း
မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
မိတ္တူကို
ရုံးလက်ခံ

**အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေး သဘောတူစာချုပ် (DTA) အရ ပြည်ပနေပုဂ္ဂိုလ်အတွက် အခွန်ဆိုင်ရာအကျိုးခံစားခွင့် လျှောက်လွှာပုံစံ**

*လမ်းညွှန်ချက်နှင့် ညွှန်ကြားချက်များကို သေချာစွာ ဖတ်ရှုလေ့လာပါရန်။*

| **(က) အခွန်ထမ်းအမျိုးအစား** | |
|---|---|
| တစ်ဦးချင်းပုဂ္ဂိုလ် | ☐ |
| ကုမ္ပဏီ | ☐ |
| ကုမ္ပဏီ မှအပ အခြားပုဂ္ဂိုလ်စု | ☐ |

| **(ခ) DTA အရ အခွန်ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့် ရရှိနိုင်သည့် အမှန်တကယ် အကျိုးခံစားခွင့်ရှိသူများ** | | | | | | |
|---|---|---|---|---|---|---|
| ၁။ အခွန်ထမ်းမှတ်ပုံတင်အမှတ် | | | | | | |
| ၂။ အမည်အပြည့်အစုံ | | | | | | |
| ၃။ နိုင်ငံကူးလက်မှတ်/မှတ်ပုံတင်အမှတ်(တစ်ဦးချင်းပုဂ္ဂိုလ်) | | | | | | |
| ၄။ ကုမ္ပဏီမှတ်ပုံတင်အမှတ်/ လိုင်စင်အမှတ် | | | | | | |
| ၅။ အမြဲတမ်းနေရပ်လိပ်စာ | | | | | | |
| | | | | | | |
| | စာတိုက်အမှတ် | | မြို့ | | နိုင်ငံ | |
| ၆။ မြန်မာနိုင်ငံ၌ နေထိုင်ရာလိပ်စာ | ကိုယ်စားလှယ်ရုံး | | | | | ☐ |
| ............................................................ | အမြဲတမ်းလုပ်ငန်းတည်ရာဌာန | | | | | ☐ |
| ............................................................ | လုပ်ငန်းခွင်တည်ရှိရာနေရာ | | | | | ☐ |
| ............................................................ | တရားဝင်အတည်တကျနေထိုင်သည့်နေရာ | | | | | ☐ |
| ............................................................ | အခြား (ဖော်ပြပါ)............................................................................ | | | | | ☐ |
| ၇။ ဆက်သွယ်ရမည့် ဖုန်းနံပါတ် | | | | | | |
| ၈။ အီးမေးလ်လိပ်စာ | | | | | | |

| **(ဂ) ဝင်ငွေအမျိုးအစားများဖော်ပြချက်** | |
|---|---|
| မရွှေ့မပြောင်းနိုင်သောပစ္စည်းမှဝင်ငွေ | ☐ |
| စီးပွားရေးလုပ်ငန်းမှအမြတ်ငွေများ | ☐ |
| အပြည်ပြည်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးလုပ်ငန်း သင်္ဘောနှင့် လေယာဉ် ဖြင့်သယ်ယူပို့ဆောင်ခြင်း | ☐ |
| အမြတ်ဝေစုများ | ☐ |
| အတိုးပေးငွေ | ☐ |
| ခိုင်ကြေး | ☐ |
| အခြေပစ္စည်းမှမြတ်စွန်းငွေ | ☐ |
| သီးခြားပုဂ္ဂိုလ်ဆိုင်ရာဝန်ဆောင်မှုများ | ☐ |
| အမှီပြုပုဂ္ဂိုလ်ဆိုင်ရာ ဝန်ဆောင်မှုများ(လစာ/ လုပ်ခ) | ☐ |
| ဒါရိုက်တာများ၏ အခကြေးငွေများ | ☐ |
| အနုပညာရှင်များ၊ အားကစားသမားများနှင့် ယာယီလာရောက်သည့် ပုဂ္ဂိုလ်များ | ☐ |
| ပင်စင်ရငွေ | ☐ |
| အစိုးရဝန်ထမ်းအဖြစ်ထမ်းဆောင်ခြင်း | ☐ |
| ပါမောက္ခ၊ ဆရာ/ဆရာမများ၊ သုတေသနပညာရှင်များ၊ ကျောင်းသားများနှင့် သင်တန်းသားများ | ☐ |
| အခြားရလမ်းများမှဝင်ငွေ | ☐ |

| **(ဃ) အခွန်သက်သာခွင့်တောင်းဆိုမှု၏ အခြေခံဥပဒေအချက်အလက်များ** | | | |
|---|---|---|---|
| ၁။ မြန်မာနိုင်ငံနှင့် စာချုပ်ဝင်နိုင်ငံတို့ ချုပ်ဆိုထားသည့် အခွန်စာချုပ်အမည် | | | |
| ၂။ ရည်ညွှန်းကိုးကားလိုသည့်အခန်း | | | |
| ၃။ စာချုပ်အရ အခွန်ပေးဆောင်ခြင်း | ☐ ဝင်ငွေခွန် ကင်းလွတ်ခွင့်ရှိပါသည်။ | ☐ သတ်မှတ်ထားသောအခွန်နှုန်းထားဖြင့် ပေးဆောင်ရန် ဖြစ်ပါသည်။ | _____% |

| (င) အခွန်ပေးဆောင်ရန်တာဝန်ရှိသည့် ဝင်ငွေနှင့်စပ်လျဉ်းသည့် အချက်အလက်များ | |
|---|---|
| ၁။ အခွန်ကျသင့်သည့် စုစုပေါင်းဝင်ငွေ | |
| ၂။ ဝင်ငွေရရှိသည့်ကာလအပိုင်းအခြား | |
| ၃။ အခွန်မပေးဆောင်မီ စုစုပေါင်း ဝင်ငွေပမာဏ နှင့် ပေးချေသည့်ရက်စွဲ | |
| ၄။ ငွေပေးချေမှုပုံစံ | |
| ၅။ နုတ်ယူပေးသွင်းသည့် အခွန်ပမာဏနှင့် အခွန်ပေးဆောင်သည့် ရက်စွဲ | |

| (စ) ဝင်ငွေရရှိသူသည် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက ဖြည့်စွက်ရန် | | | |
|---|---|---|---|
| ၁။ မွေးဖွားရာနေရာ | | နေ့ရက် (ရက်/လ/နှစ်) | |
| ၂။ မိခင်နိုင်ငံ | | | |
| ၃။ မြန်မာနိုင်ငံတွင် နေထိုင်သည့်ကာလ | | | |
| ၄။ မြန်မာနိုင်ငံ၌ နေထိုင်သည့်နေရာ | | | |
| ၅။ အမြဲတမ်းနေထိုင်သည့်လိပ်စာ | | | |

၆။ အဓိကလုပ်ငန်းသဘောသဘာဝ ကိုယ်စားလှယ် (သို့မဟုတ်) ကိုယ်စားလှယ်အဖြစ်လွှဲအပ်ခြင်းခံရသူစသည်ဖော်ပြရန်)၊ …………………………
……………………………………………………………………………………………………………………………………………

၇။ ဝင်ငွေရရှိသူသည် ဌာနေပုဂ္ဂိုလ်အဖြစ် အခွန်ပေးဆောင်ရမည့်နိုင်ငံနှင့် အခွန်ပေးဆောင်ရမည့်နေရာ၊ ………………………………………………
……………………………………………………………………………………………………………………………………………

| (ဆ) ဝင်ငွေရရှိသူသည် ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီမှအပ အခြားပုဂ္ဂိုလ်စုဖြစ်ပါက ဖြည့်စွက်ရန် | |
|---|---|
| ၁။ မှတ်ပုံတင်/ လုပ်ငန်းတည်ထောင်ထားသည့်နိုင်ငံ | |
| ၂။ စီမံအုပ်ချုပ်ရာနေရာ | |
| ၃။ ရုံးချုပ်လိပ်စာ | |

၄။ မြန်မာနိုင်ငံတွင် ဖွင့်လှစ်ထားသော ရုံးခွဲ၊ ရုံး သို့မဟုတ် အခြားအလုပ်နေရာ (ရှိလျှင်)၊ ………………………………… ……………………… …
……………………………………………………………………………………………………………………………………………

| | |
|---|---|
| ၅။ ဒါရိုက်တာအဖွဲ့ဝင်စာရင်း ၊ ……………………………………………… | ပိုင်ဆိုင်သည့် ရှယ်ယာအရေအတွက် ၊ ……………………………………………… |

၆။ မြန်မာနိုင်ငံတွင် ဖြစ်ထွန်းပေါ်ပေါက်သည့် အမြတ်ဝေစု၊ အတိုးငွေနှင့် အကောက်တော်များမှအပစီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများ(ရှိလျှင်)၊
……………………………………………………………………………………………………………………………………………

၇။ ဝင်ငွေရရှိသူသည် ဌာနေပုဂ္ဂိုလ်အဖြစ် အခွန်ပေးဆောင်ရမည့်နိုင်ငံနှင့် အခွန်ပေးဆောင်ရမည့်နေရာ၊ ………………………………………………
……………………………………………………………………………………………………………………………………………

**(ဇ) ဝင်ငွေရရှိသူသည် တစ်ဦးချင်းပုဂ္ဂိုလ်မဟုတ်သောသူနှင့် အမြတ်ဝေစု၊ အတိုးနှင့် ခိုင်ကြေးမှရရှိသော ဝင်ငွေဖြစ်ပါက ဖြည့်စွက်ရန်**

၁။ လုပ်ငန်းဆောင်ရွက်ချက် (ကိုယ်စားလှယ်၊ ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်း သို့မဟုတ် Conduit စသည်)၊

၂။ နေထိုင်ရာနိုင်ငံ၌ ဝင်ငွေရရှိသူအား အမျိုးအစားခွဲခြားခြင်း၊

| | | | |
|---|---|---|---|
| အခွန်ပေးဆောင်ရသည့် အသင်းအဖွဲ့ ☐ | အခွန်ပေးဆောင်ရသည့် အစုစပ်လုပ်ငန်း ☐ | အဖွဲ့အစည်း ☐ | အိမ်ခြံမြေ ☐ |
| အခွန်ကင်းလွတ်ခွင့်ရသည့် အသင်းအဖွဲ့ ☐ | အခွန်ကင်းလွတ်ခွင့်ရသည့် အစုစပ်လုပ်ငန်း ☐ | ယုံမှတ်အပ်နှံမှု ☐ | အခြား(ဖော်ပြပါ) ☐ ……………………… ……………………… |

၃။ လုပ်ငန်းသည် ယင်း၏ ကိုယ်ပိုင် ပိုင်ဆိုင်မှု၊ အရင်းအနှီး သို့မဟုတ် ပေးဆောင်ရမည့်တာဝန်အပေါ်တွင် ဖြစ်ပေါ်လာသော စွန့်စားမှုများ ရှိပါက ဖော်ပြပေးရန်၊ ……………………………………………………………………………………………………………………………

၄။ ရရှိသောဝင်ငွေကို တတိယအဖွဲ့ဝင်၏ ဌာနေပုဂ္ဂိုလ်ထံသို့ လွှဲပြောင်းပေးရန် စာချုပ်များ ချုပ်ဆိုထားခြင်းရှိပါက ဖော်ပြပေးရန်၊ ……………………
……………………………………………………………………………………………………………………………………………

| (ဈ) အခြေပစ္စည်းမှရရှိသော ဝင်ငွေဖြစ်ပါက ဖြည့်စွက်ရန် | |
|---|---|
| ၁။ မြန်မာနိုင်ငံတွင်အမှန်တကယ်တည်ရှိသည့် ပိုင်ဆိုင်မှု | |
| ၂။ ရောင်းချသည့်ရက်စွဲ (ရက်/လ/နှစ်) | |
| ၃။ ပိုင်ဆိုင်မှုစုစုပေါင်း | |
| ၄။ လွှဲပြောင်း/ရောင်းချမှုပမာဏ စုစုပေါင် | |
| ၅။ လွှဲပြောင်းသည့် ရက်စွဲ (ရက်/လ/နှစ်) | |

| ၆။ လွှဲပြောင်းသည့် ပုံစံနှင့် အကြောင်းအရင်း | | | | | |
|---|---|---|---|---|---|
| ရောင်းချခြင်း | ☐ | လုပ်ငန်းပြန်လည်ဖွဲ့စည်းခြင်း | ☐ | ကြွေးဆပ်ခြင်း/ ဖျက်သိမ်းခြင်း | ☐ |
| လဲလှယ်ခြင်း | ☐ | ကတိကဝတ်အတိုင်းပြုလုပ်ခြင်း | ☐ | အခြား(ဖော်ပြပါ။)<br>……………………………………<br>………………………………………… | ☐ |

| ၇။ ပစ္စည်းခွဲဝေခြင်း | | | | |
|---|---|---|---|---|
| | ရှယ်ယာအမျိုးအစားများ (သို့မဟုတ်) အကျိုးအမြတ် ဖော်ပြချက် | ရှယ်ယာများ (သို့မဟုတ်) အကျိုးအမြတ် ရရှိသည့်ရက်စွဲ | ခွဲဝေခြင်းမပြုမီ ပိုင်ဆိုင်မှု ရာခိုင်နှုန်း | ခွဲဝေပြီးနောက် ပိုင်ဆိုင်မှု ရာခိုင်နှုန်း |
| ရှယ်ယာများ ☐<br>အစုစပ်လုပ်ငန်းများတွင်ပါဝင်သည့် အစုရှယ်ယာ/အပ်နှံငွေ ☐ | | | | |

| | |
|---|---|
| ၈။ ပေးဆောင်ထားသည့် ပင်ရင်းမှနှုတ်ယူပေးသွင်းသည့် ဝင်ငွေခွန် ပမာဏ၊ | |
| ၉။ ပေးဆောင်သည့်ရက်စွဲ၊ | |

| **(ည) ဘဏ်နှင့်သက်ဆိုင်သော အချက်အလက်များ** | | | |
|---|---|---|---|
| ၁။ ဘဏ်အမည် | | | |
| ၂။ ဘဏ်ကတ်အမျိုးအစား | | | |
| ၃။ ဘဏ်အကောင့်နံပါတ် | | ၄။ ဘဏ်အကောင့်အမည် | |
| ၅။ စတင်သည့်ရက်စွဲ | | ၆။ ပြီးဆုံးသည့်ရက်စွဲ | |
| ၇။ စာရွက်စာတမ်းအမျိုးအစား | | ၈။ စာရွက်စာတမ်းအရေအတွက် | |
| ၉။ ပူးတွဲပါစာရွက်စာတမ်း | | | |

| **(ဋ) မြန်မာနိုင်ငံ၌ အခွင့်ရ ကိုယ်စားလှယ်** | |
|---|---|
| ၁။ မှတ်ပုံတင်ထားသည့်အမည် | |
| ၂။ အခွန်ထမ်းမှတ်ပုံတင်အမှတ် | |
| ၃။ မှတ်ပုံတင်ထားသည့် လိပ်စာ | |
| ၄။ ဆက်သွယ်ရမည့် ဖုန်းနံပါတ် | |
| ၅။ အီးမေးလ်လိပ်စာ | |

**ဝင်ငွေရရှိသူ၏ ကတိခံဝန်ချက်**

ကျွန်ုပ်/ကျွန်ုပ်တို့သည် လိမ်လည်မှု၏ ပြစ်ဒဏ်များကို သိရှိ၍ ဤလျှောက်လွှာပုံစံနှင့် ကုမ္ပဏီလုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများနှင့် ထုတ်ပြန်ချက်များကို စစ်ဆေးပြီးဖြစ်ပါသည်။ ကျွန်ုပ်/ကျွန်ုပ်တို့၏ သိရှိ၊ နားလည်၊ ယုံကြည်မှုနှင့် သတင်းအချက်အလက်အရ အချက်အလက်များသည်မှန်ကန်ပြီး ပြည့်စုံကြောင်း ကျွန်ုပ်/ကျွန်ုပ်တို့မှ ဝန်ခံကတိပြုပါသည်။ ထပ်မံ၍ -

၁။ ဝင်ငွေရရှိသူသည် ဤဖောင်ပုံစံနှင့်ဆက်စပ်သည့် ဝင်ငွေ၏ အမှန်တကယ်အကျိုးခံစားခွင့်ရှိသူဖြစ်ပါကြောင်းနှင့်

၂။ အကျိုးခံစားခွင့်ရှိသူသည် သက်ဆိုင်ရာအခွန်စာချုပ်တွင်ဖော်ပြထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်အရ အခြားစာချုပ်ဝင်နိုင်ငံများတွင် ဌာနေပုဂ္ဂိုလ် ဖြစ်ပါကြောင်း ကတိခံဝန်ချက်ပြုအပ်ပါသည်။

| **အခွန်ကိစ္စများကိုယ်စားဆောင်ရွက်ပေးသည့် ကိုယ်စားလှယ်** | **အခွန်ထမ်း သို့မဟုတ် အခွန်ထမ်းမှ လွှဲအပ်ထားသော တရားဝင်ကိုယ်စားလှယ်** |
|---|---|
| လက်မှတ် __________ | လက်မှတ် __________ |
| အမည် __________ | အမည် __________ |
| လုပ်ငန်းလိုင်စင်အမှတ် __________ | ရာထူး __________ |
| ဖုန်းနံပါတ် __________ | ဖုန်းနံပါတ် __________ |
| ရက်စွဲ __________ | ရက်စွဲ __________ |

**လမ်းညွှန်ချက်**

*၁။ မြန်မာနိုင်ငံနှင့် စာချုပ်ဝင်နိုင်ငံတစ်ခု၏ ဌာနေပုဂ္ဂိုလ် (တစ်ဦးချင်းပုဂ္ဂိုလ်၊ ကုမ္ပဏီအဖွဲ့အစည်း သို့မဟုတ် အစုစပ်အဖွဲ့များ) သည် သတ်မှတ်ဝင်ငွေအမျိုးအစားအချို့အပေါ် DTA အရ အခွန်သက်သာခွင့် သို့မဟုတ် ကင်းလွတ်ခွင့်ရရှိရန် လျှောက်ထားနိုင်သည်။*

*၂။ DTA ချုပ်ဆိုထားခြင်းမရှိသည့် နိုင်ငံမှဖြစ်ပါက သတ်မှတ်ထားသော အခွန်နှုန်းထားဖြင့် သတ်မှတ်ရက်မတိုင်မီ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ကြေညာလွှာတင်သွင်းပြီး အခွန် နုတ်ယူပေးသွင်းရမည် ဖြစ်ပါသည်။*

*၃။ DTA ချုပ်ဆိုထားပါက “**အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေး သဘောတူစာချုပ် (DTA) အရ ပြည်ပနေပုဂ္ဂိုလ်အတွက် အခွန်ဆိုင်ရာအကျိုးခံစားခွင့် လျှောက်လွှာပုံစံ**” ကို စစ်ဆေးပြီး ကြေညာလွှာတင်သွင်းသည့်အခါတွင် သင့်လျော်သောအခွန်နှုန်းထားကို ဖော်ပြပေးရမည် ဖြစ်ပါသည်။*

*၄။ သက်ဆိုင်သည့် အကွက်များအားလုံးတွင် အမှန် “✓” ခြစ်ပေးပါ။*

*၅။ ရုံးခွန် အက်ဥပဒေ ဇယား (၂) အမှတ်စဉ် (၁) အရ ရုံးခွန် ၂၀၀ ကျပ်ကပ်ရမည်ဖြစ်ပါသည်။*

*၆။ ဤလျှောက်လွှာကို မိတ္တူနှစ်စောင်တင်သွင်းရပါမည်။ တစ်စောင်ကို ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးပို့ရမည်ဖြစ်ပြီး ကျန်တစ်စောင်ကို အခွန်ထမ်းထံတွင် လက်ခံ အဖြစ် သိမ်းဆည်းထားရမည်။*

*၇။ တစ်ဦးချင်းပုဂ္ဂိုလ်များအတွက် **ပတခ (ဝင)-၁၁-၀၁** ၏ အပိုင်း ဆ၊ အပိုင်း ဇ နှင့် အပိုင်း ဈ  မှလွဲ၍ ကျန်အပိုင်းများကို ပြည့်စုံစွာ ဖြည့်စွက်ပါ။*

*၈။ တစ်ဦးချင်းပုဂ္ဂိုလ်မဟုတ်သည့် ကုမ္ပဏီနှင့် ကုမ္ပဏီမှအပ အခြားပုဂ္ဂိုလ်စုများ အတွက် **ပတခ (ဝင)-၁၁-၀၁** ၏ အပိုင်း စ၊ အပိုင်း ဇ နှင့် အပိုင်း ဈ  မှလွဲ၍ ကျန်အပိုင်းများကို ပြည့်စုံစွာ ဖြည့်စွက်ပါ။*

*၉။ အမြတ်ဝေစု၊ အတိုးနှင့်/သို့မဟုတ် ခိုင်ကြေးမှရရှိသောဝင်ငွေများအတွက် **ပတခ (ဝင)-၁၁-၀၁** ၏ အပိုင်း စ၊ အပိုင်း ဆ နှင့် အပိုင်း ဈ  မှလွဲ၍ ကျန်အပိုင်းများကို ပြည့်စုံစွာ ဖြည့်စွက်ပါ။*

*၁၀။ အခြေပစ္စည်းမြတ်စွန်းငွေ မှရရှိသောဝင်ငွေအတွက် **ပတခ (ဝင)-၁၁-၀၁** ၏ အပိုင်း စ၊ အပိုင်း ဆ နှင့် အပိုင်း ဇ  မှလွဲ၍ ကျန်အပိုင်းများကို ပြည့်စုံစွာ ဖြည့်စွက်ပါ။*

*၁၁။ လျှောက်လွှာတွင်ပါရှိသော အချက်အလက်အားလုံးကို စနစ်တကျ ပြင်ဆင်ပြီး လျှောက်လွှာတွင် ဖြည့်သွင်းပြီးပါက လက်မှတ်ရေးထိုးရမည်။*

*၁၂။ မဖြစ်မနေတင်ပြရန်လိုအပ်သည့် အထောက်အထားများအား ဤလျှောက်လွှာနှင့်အတူ ပူးတွဲ တင်ပြရမည်။*

*၁၃။ လျှောက်လွှာတွင် မှန်ကန်စွာ ဖြည့်သွင်းပြီးနောက် စစ်ဆေးရမည့်စာရင်းဖြင့် တိုက်ဆိုင်စစ်ဆေးပြီး လျှောက်လွှာအား ထိုစာရင်းနှင့်အတူ သက်ဆိုင်ရာ အခွန်ရုံးသို့ တင်ပြရမည်ဖြစ်ပါသည်။*

*၁၄။ သက်ဆိုင်ရာနိုင်ငံ၏ ဌာနေပုဂ္ဂိုလ်ဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Residence) (မူရင်း) ဆိုသည်မှာ ပြည်ပနေပုဂ္ဂိုလ် နေထိုင်ရာ နိုင်ငံ၏ အခွန်အာဏာပိုင်/အခွန်ဌာန က ၎င်းနိုင်ငံ၏ အခွန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာနှစ်ကာလအလိုက် ထုတ်ပေးသော လက်မှတ်ကို ဆိုလိုပါသည်။*

**အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေး သဘောတူစာချုပ် (DTA) အရ ပြည်ပနေပုဂ္ဂိုလ်အတွက် အခွန်ဆိုင်ရာအကျိုးခံစားခွင့် လျှောက်လွှာပုံစံ ပတခ (ဝင) -၁၁ - ၀၁ အတွက်**

**ညွှန်ကြားချက်များ**

**(က) အခွန်ထမ်းအမျိုးအစား**

စာချုပ်ဝင်နိုင်ငံတစ်ခုတွင် နေထိုင်သည့် ဌာနေပုဂ္ဂိုလ် ၏ သက်ဆိုင်ရာ အခွန်ထမ်းအမျိုးအစားကို ဖြည့်စွက်ပါ။

**(ခ) DTA အရ အခွန်ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့် ရရှိနိုင်သည့် အမှန်တကယ် အကျိုးခံစားခွင့်ရှိသူများ**

အမှတ်စဉ်-၁။ အခွန်ထမ်းအဖြစ် မှတ်ပုံတင်ထားသည့် နိုင်ငံ မှ ရရှိထားသည့် ဝင်ငွေရရှိသူ၏ အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) ကို ဖြည့်စွက်ပါ။

အမှတ်စဉ်-၂။ ဝင်ငွေရရှိသူ၏ အမည်အပြည့်အစုံကို ဖြည့်စွက်ပါ။

အမှတ်စဉ်-၃။ ဝင်ငွေရရှိသူ၏ နိုင်ငံကူးလက်မှတ်/ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များကို ဖြည့်စွက်ပါ။

အမှတ်စဉ်-၄။ ဝင်ငွေရရှိသူ၏ ဌာနေနိုင်ငံရှိ ကုမ္ပဏီ မှတ်ပုံတင်အမှတ်/ လိုင်စင် ကိုဖြည့်စွက်ပါ။

အမှတ်စဉ်-၅။ ဝင်ငွေရရှိသူ၏ ဌာနေနိုင်ငံ၌ အခွန်ထမ်းအဖြစ်မှတ်ပုံတင်ခဲ့စဉ်က ဖြည့်စွက်ခဲ့သည့် လိပ်စာအပြည့်အစုံကို ဖြည့်စွက်ပါ။

အမှတ်စဉ်-၆။ ဝင်ငွေရရှိသူ၏ မြန်မာနိုင်ငံတွင် နေထိုင်သည့်နေရာရှိပါက လိပ်စာအပြည့်အစုံကို ဖြည့်စွက်ပါ။

အမှတ်စဉ်-၇။ ဝင်ငွေရရှိသူ၏ ဆက်သွယ်ရမည့်ဖုန်းနံပါတ်ကို ဖြည့်စွက်ပါ။

အမှတ်စဉ်-၈။ ဝင်ငွေရရှိသူ၏ အီးမေးလ် လိပ်စာ အား ဖြည့်စွက်ပါ။

**(ဂ) ဝင်ငွေအမျိုးအစားများဖော်ပြချက်**

လျှောက်ထားသူ၏ အချက်အလက်များ၊ အခြေအနေများနှင့်ကိုက်ညီသည့် ဝင်ငွေအမျိုးအစားကို အမှန်ခြစ်ပေးပါ။

**(ဃ) အခွန်သက်သာခွင့်တောင်းဆိုမှု၏ အခြေခံဥပဒေအချက်အလက်များ**

အမှတ်စဉ်-၁။ မြန်မာနိုင်ငံနှင့် DTA စာချုပ် ချုပ်ဆိုထားသည့် နိုင်ငံ၏ အမည်ကို ဖြည့်စွက်ပါ။

အမှတ်စဉ်-၂။ DTA အရ သက်ဆိုင်သည့် Article နှင့် ခေါင်းစဉ် တို့ကို ဖြည့်စွက်ပါ။

အမှတ်စဉ်-၃။ လျှောက်ထားသူ၏ အချက်အလက်များ၊ အခြေအနေများနှင့်ကိုက်ညီသည့် သင့်လျော်ရာတစ်ခုကို အမှန်ခြစ်ပေးပါ။ သတ်မှတ်ရာခိုင်နှုန်းအား ဖော်ပြပါ။

**(င) အခွန်ပေးဆောင်ရန်တာဝန်ရှိသည့် ဝင်ငွေနှင့်စပ်လျဉ်းသည့် အချက်အလက်များ**

အမှတ်စဉ်-၁။ ဘဏ္ဍာနှစ် စတင်သည့်လမှ ကုန်ဆုံးသည့်လအတွင်း ရရှိသည့် အခွန်ထမ်းဆောင်ထိုက်သည့် ဝင်ငွေစုစုပေါင်း (ဧပြီလ ၁ရက်နေ့မှ နောက်နှစ် မတ်လ ၃၁ ရက်နေ့အထိကို ဆိုလိုပါသည်။) ကိုဖြည့်စွက်ပါ။ ဝင်ငွေပေးဆောင်သူသည် တစ်ဦးထက်ပိုသော သို့မဟုတ် အလုပ်ရှင်ဖြစ်ပါက၊ အချက်အလက်အားလုံးကို ဤလျှောက်လွှာနှင့်အတူ တင်သွင်းရပါမည်။

အမှတ်စဉ်-၂။ ဘဏ္ဍာရေးနှစ်တစ်နှစ် စတင်သည့် ကာလမှ ကုန်ဆုံးသည့်လအတွင်း (ဧပြီလ ၁ရက်နေ့မှ နောက်နှစ် မတ်လ ၃၁ ရက်နေ့အထိကို ဆိုလိုပါသည်။) ရရှိသည့် ဝင်ငွေကို ဖြည့်စွက်ပါ။ (စတင်သည့်လမှ အများဆုံး ၁၂လ အထိသာဖြစ်ပါသည်။)

အမှတ်စဉ်-၃။ အခွန်မပေးဆောင်ခင် ရရှိသည့် ဝင်ငွေစုစုပေါင်း ပမာဏ နှင့် ပေးချေသည့်ရက်စွဲ အပြည့်အစုံကို ဖြည့်စွက်ပါ။

အမှတ်စဉ်-၄။ လက်ခံရရှိသည့် ငွေပေးချေမှုအမျိုးအစား (ဘဏ်မှလွှဲပြောင်းခြင်း၊ ငွေသား စသည်) ကို ဖြည့်စွက်ပါ။

အမှတ်စဉ်-၅။ နုတ်ယူပေးသွင်းခဲ့သည့်ပမာဏနှင့် အခွန်ပေးဆောင်ခဲ့သည့်ရက်စွဲကို ဖြည့်စွက်ပါ။

**(စ) ဝင်ငွေရရှိသူသည် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက ဖြည့်စွက်ရန်**

အမှတ်စဉ်-၁။ ဝင်ငွေရရှိသူ၏ မွေးဖွားရာနေရာနှင့် ရက်စွဲကို ဖြည့်စွက်ပါ။

အမှတ်စဉ်-၂။ ဝင်ငွေရရှိသူ၏ မိခင်နိုင်ငံကို ဖြည့်စွက်ပါ။

အမှတ်စဉ်-၃။ ဝင်ငွေရရှိသူ မြန်မာနိုင်ငံတွင် စတင်နေထိုင်ခဲ့သည့်ရက်စွဲနှင့် မြန်မာနိုင်ငံမှ ထွက်ခွာခဲ့သည့် ရက်စွဲတို့ကို ဖြည့်စွက်ပါ။ တစ်ကြိမ်ထက်ပို၍လာရောက်လည်ပတ်ခြင်းဖြစ်ပါက လိုအပ်သောအချက်အလက်များကို အသေးစိတ်ဖော်ပြပါ။

အမှတ်စဉ်-၄။ ဝင်ငွေရရှိသူ မြန်မာနိုင်ငံတွင် နေထိုင်ခဲ့သည့် နေရပ်လိပ်စာအား ဖြည့်စွက်ပါ။

အမှတ်စဉ်-၅။ ဝင်ငွေရရှိသူ အမြဲတမ်းနေထိုင်သည့် နေရပ်လိပ်စာ အား ဖြည့်စွက်ပါ။

အမှတ်စဉ်-၆။ အကယ်၍ သင်သည် ကြားခံအဖြစ် သို့မဟုတ် မြန်မာနိုင်ငံရှိ ဝင်ငွေရလမ်းနှင့် ဆက်စပ်၍ အခြားလုပ်ငန်းတစ်ခု၏ ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ပါက ကိုယ်စားလှယ်အား ဖော်ပြပါ။ အကယ်၍ သင်သည် ဝင်ငွေ သို့မဟုတ် ပိုင်ဆိုင်မှု၏ တရားဝင်ပိုင်ဆိုင်သူဖြစ်ပြီး ဝင်ငွေ သို့မဟုတ် ပိုင်ဆိုင်မှု၏အစစ်အမှန်ပိုင်ရှင်မဟုတ်ပါက အမည်စာရင်းတင်သွင်းသူ သို့မဟုတ် ကိုယ်စားလှယ်အား ဖော်ပြပါ။

အမှတ်စဉ်-၇။ ဝင်ငွေရရှိသူ အခွန်ပေးဆောင်နေသည့် နိုင်ငံ နှင့် အခွန်ထမ်းဆောင်သည့် ရုံး ကို ဖော်ပြပါ။

**(ဆ) ဝင်ငွေရရှိသူသည် ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီမှအပ အခြားပုဂ္ဂိုလ်စုဖြစ်ပါက ဖြည့်စွက်ရန်**

အမှတ်စဉ်-၁။ လုပ်ငန်းမှတ်ပုံတင်ထားသည့် နိုင်ငံအမည်ကို ဖြည့်စွက်ပါ။

အမှတ်စဉ်-၂။ လုပ်ငန်းစီမံအုပ်ချုပ်ရာနေရာကို ဖြည့်စွက်ပါ။

အမှတ်စဉ်-၃။ လုပ်ငန်းသည် တွဲဖက်လုပ်ငန်းဖြစ်ပါက ရုံးချုပ်/မိခင်ကုမ္ပဏီ ၏ လိပ်စာအပြည့်အစုံကို ဖြည့်စွက်ပါ။

အမှတ်စဉ်-၄။ မြန်မာနိုင်ငံတွင် တည်ရှိသည့် လုပ်ငန်းလိပ်စာ အပြည့်အစုံကို ဖော်ပြပါ။

အမှတ်စဉ်-၅။ ဒါရိုက်တာအဖွဲ့ဝင်စာရင်း နှင့် ပိုင်ဆိုင်သည့် ရှယ်ယာအရေအတွက်ကို ဖြည့်စွက်ပါ။ (အကယ်၍ အချက်အလက်အပြည့်အစုံ ဖြည့်စွက်ရန်လိုအပ်ပါက စာရွက်များ ထပ်ဆောင်း အသုံးပြုပါ။)

အမှတ်စဉ်-၆။ မြန်မာနိုင်ငံတွင် ဝင်ငွေရရှိသည့် လုပ်ငန်းဆောင်ရွက်မှုကို ဖော်ပြပါ။

အမှတ်စဉ်-၇။ ဝင်ငွေရရှိသူ အခွန်ပေးဆောင်နေသည့် နိုင်ငံ နှင့် အခွန်ထမ်းဆောင်သည့် ရုံးကို ဖြည့်စွက်ပါ။

**(ဇ) ဝင်ငွေရရှိသူသည် တစ်ဦးချင်းပုဂ္ဂိုလ်မဟုတ်သောသူနှင့် အမြတ်ဝေစု၊ အတိုးနှင့် အကောက်တော်များမှရရှိသော ဝင်ငွေဖြစ်ပါက ဖြည့်စွက်ရန်**

အမှတ်စဉ်-၁။ အကယ်၍ သင်သည် ကြားခံပုဂ္ဂိုလ်အဖြစ် သို့မဟုတ် မြန်မာနိုင်ငံရှိ ဝင်ငွေရလမ်းနှင့် ဆက်စပ်၍ အခြားလုပ်ငန်းတစ်ခု၏ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ပါက ကိုယ်စားလှယ်အား ဖော်ပြပါ။ အကယ်၍ သင်သည် ဝင်ငွေ သို့မဟုတ် ပိုင်ဆိုင်မှု၏ တရားဝင်ပိုင်ဆိုင်သူဖြစ်ပြီး ဝင်ငွေ သို့မဟုတ် ပိုင်ဆိုင်မှု၏အစစ်အမှန်ပိုင်ရှင်မဟုတ်ပါက အမည်စာရင်းတင်သွင်းသူ သို့မဟုတ် ကိုယ်စားလှယ်အား ဖော်ပြပါ။

အမှတ်စဉ်-၂။ လျှောက်ထားသူ၏ အချက်အလက်များ၊ အခြေအနေများနှင့်ကိုက်ညီသည့် သင့်လျော်ရာတစ်ခုကို အမှန်ခြစ်ပေးပါ။

အမှတ်စဉ်-၃။ အမှတ်စဉ်- ၃ နှင့် ၄ အတွက် လျှောက်ထားသူ၏ အချက်အလက်များ၊ အခြေအနေများနှင့်ကိုက်ညီသည်ကို ဖော်ပြပါ။

**(ဈ) အခြေပစ္စည်းမှရရှိသော ဝင်ငွေဖြစ်ပါက ဖြည့်စွက်ရန်**

အမှတ်စဉ်-၁ မှ ၇ အတွက် လျှောက်ထားသူ၏ အချက်အလက်များ၊ အခြေအနေများနှင့်ကိုက်ညီသည်ကို ဖော်ပြပါ။

အမှတ်စဉ်-၈။ ပေးဆောင်ခဲ့ရသော ပင်ရင်းမှနုတ်ယူပေးသွင်းခဲ့သည့် ဝင်ငွေခွန် ပမာဏကို ဖြည့်စွက်ပါ။ (အကယ်၍ အချက်အလက်အပြည့် အစုံဖြည့်စွက်ရန်လိုအပ်ပါက စာရွက်များ ထပ်ဆောင်း အသုံးပြုပါ။)

အမှတ်စဉ်-၉။ ပေးဆောင်ခဲ့ရသော ပင်ရင်းမှနုတ်ယူပေးသွင်းခဲ့သည့် ရက်စွဲကို ဖြည့်စွက်ပါ။ (အကယ်၍ အချက်အလက်အပြည့်အစုံ ဖြည့်စွက်ရန် လိုအပ်ပါက စာရွက်များ ထပ်ဆောင်း အသုံးပြုပါ။)

**(ည) ဘဏ်နှင့်သက်ဆိုင်သော အချက်အလက်များ**

အမှတ်စဉ်-၁။ ဝင်ငွေရရှိသူက ငွေလက်ခံရန် ဘဏ်အကောင့် ဖွင့်လှစ်ထားသည့် ဘဏ်အမည်ကို ဖြည့်ပါ။

အမှတ်စဉ်-၂။ ဝင်ငွေရရှိသူ၏ ဘဏ်ကတ် အမျိုးအစားကို ဖြည့်ပါ။

အမှတ်စဉ်-၃။ ဝင်ငွေရရှိသူ၏ လွှဲပြောင်းငွေ လက်ခံမည့် ဘဏ်အကောင့် နံပါတ်ကို ဖြည့်ပါ။

အမှတ်စဉ်-၄။ ဝင်ငွေရရှိသူ၏ လွှဲပြောင်းငွေ လက်ခံမည့် ဘဏ်အကောင့်အမည်ကို ဖြည့်ပါ။

အမှတ်စဉ်-၅။ အမှတ်စဉ်-၅ နှင့် ၆၊ ဝင်ငွေရရှိသူ အသုံးပြုနေသည့် ဘဏ်ကတ် စတင်ဖွင့်သည့်ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့်ရက်စွဲကို ဖြည့်စွက်ပါ။

အမှတ်စဉ်-၆။ အမှတ်စဉ်-၇ မှ ၉ အထိ ပူးတွဲစာရွက်စာတမ်းတွင်ပါရှိသည့် လိုအပ်သော အချက်အလက်ကို ဖြည့်ပါ။

**(ဠ) မြန်မာနိုင်ငံ၌ အခွင့်ရ ကိုယ်စားလှယ်**

အမှတ်စဉ်-၁။ ဌာနေပုဂ္ဂိုလ်မဟုတ်သည့် ဝင်ငွေရရှိသူ၏ ကိုယ်စား ဤလျှောက်လွှာနှင့်ပတ်သက်၍ ဆွေးနွေးနိုင်ရန် ကိုယ်စားလှယ်လွှဲအပ်ထားသည့် အခွင့်ရ ပုဂ္ဂိုလ်၏ အမည်ကို ဖြည့်ပါ။

အမှတ်စဉ်-၂။ မြန်မာနိုင်ငံ၌ ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ရန် လွှဲအပ်ထားသည့် အခွင့်ရပုဂ္ဂိုလ်၏ အခွန်ထမ်းမှတ်ပုံတင်အမှတ်ကို ဖြည့်ပါ။

အမှတ်စဉ်-၃။ အခွင့်ရပုဂ္ဂိုလ်၏ အချက်အလက်များ၊ အခြေအနေများနှင့် ကိုက်ညီသည့် လိုအပ်သော အချက်အလက်များကို ဖြည့်ပါ။

အမှတ်စဉ်-၄။ အခွင့်ရပုဂ္ဂိုလ်၏ တရားဝင်အလုပ်အကိုင် (တရားဝင်အဖွဲ့အစည်း၊ သီးခြားဝန်ဆောင်မှုဆောင်ရွက်နေသည့် တစ်ဦးချင်းပုဂ္ဂိုလ်၊ အခွန်ကိုယ်စားလှယ် စသည်) တို့ကို ဖြည့်ပါ။

အမှတ်စဉ်-၅။ အခွင့်ရပုဂ္ဂိုလ်၏ မှတ်ပုံတင်ထားသည့် ရုံးလိပ်စာကို ဖြည့်ပါ။

အမှတ်စဉ်-၆။ အခွင့်ရပုဂ္ဂိုလ်၏ ဆက်သွယ်ရမည့် ဖုန်းနံပါတ်ကို ဖြည့်ပါ။

အမှတ်စဉ်-၇။ အခွင့်ရပုဂ္ဂိုလ်၏ အီးမေးလ်လိပ်စာ ကို ဖြည့်ပါ။

ပူးတွဲ (၁)

**အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေး သဘောတူစာချုပ် (DTA) အရ ပြည်ပနေပုဂ္ဂိုလ်အတွက် အခွန်ဆိုင်ရာအကျိုးခံစားခွင့် လျှောက်လွှာအပေါ် စစ်ဆေးချက်မှတ်တမ်း**

| **လိုအပ်သည့်အထောက်အထားများအားစစ်ဆေးရန်ပုံစံ** | **မှတ်ချက်** |
|---|---|
| **မဖြစ်မနေတင်ပြရန် လိုအပ်သည့် အထောက်အထားများ** | |
| ၁။ သေချာစွာဖြည့်စွက်ထားသည့်လျှောက်လွှာပုံစံ (မူရင်း) | ☐ |
| ၂။ ပြည်ပနေ ဝင်ငွေရရှိသူမှ လက်မှတ်ရေးထိုးထားသည့် ကိုယ်စားလှယ်လွှဲစာ (မူရင်း) | ☐ |
| ၃။ သက်ဆိုင်ရာနိုင်ငံ၏ ဌာနေပုဂ္ဂိုလ်ဖြစ်ကြောင်းသက်သေခံလက်မှတ် (မူရင်း) | ☐ |
| ၄။ ငွေတောင်းခံလွှာ (မိတ္တူ) | ☐ |
| **အခြားလိုအပ်သည့် အထောက်အထားများ** | |
| ၁။ ပင်ရင်းမှနုတ်ယူပေးသွင်းသည့်ဝင်ငွေခွန်ကြေညာလွှာ (မိတ္တူ) (ဝငပုံစံ- ၀၃-၀၈) | ☐ |
| ၂။ အခွန်ပေးသွင်းမှုအထောက်အထား (မိတ္တူ) | ☐ |
| ၃။ မြန်မာနိုင်ငံအတွင်းနေထိုင်သည့်ကာလအတွက် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ထုတ်ပေးထားသည့်သက်သေခံအထောက်အထား | ☐ |
| ၄။ နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင် (မိတ္တူ) | ☐ |
| ၅။ နိုင်ငံကူးလက်မှတ် (မိတ္တူ) | ☐ |
| ၆။ အခြားတင်ပြလိုသည့်စာရွက်စာတမ်းများ (ရှိပါက အသေးစိတ်ဖော်ပြပါရန်) | ☐ |
| | |
| | |
| | |

မှတ်ချက်။ တင်ပြပြီးကို အမှန် "✓" ခြစ်ရန်၊ မတင်ပြထားပါက အမှား "X" ခြစ်ရန်၊ မရရှိနိုင်ပါက N/A ဖြည့်သွင်းရန်။

တင်ပြသူ ______________________ ရက်စွဲ ____________

အခွန်ထမ်းအမည်

စစ်ဆေးသူ ______________________ ရက်စွဲ ____________

အမှုတွဲအရာရှိ

အခွန်ရုံး

တံဆိပ်တုံး

:

ရုံးခွန်တံဆိပ်ခေါင်း (ကျပ် ၂၀၀) ကပ်နှိပ်ရန်

**ပူးတွဲ(၂)**

သို့

အခွန်ဦးစီးဌာနမှူး

-------------------------------ရုံး

ပြည်တွင်းအခွန်များဦးစီးဌာန

ရက်စွဲ၊ ……………………

အကြောင်းအရာ။ **DTA ဆိုင်ရာ အကျိုးခံစားခွင့်လျှောက်ထားရန်ကိုယ်စားလှယ်လွှဲစာပေးပို့ခြင်း**

၁။ အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ..................................................... ၏ ......................................... ရက်နေ့မှ ........................................... ရက်နေ့အထိ မြန်မာနိုင်ငံအတွင်း ဖြစ်ထွန်းပေါ်ပေါက်သည့် ဝင်ငွေနှင့်စပ်လျဉ်း၍ DTA အရ အခွန်ဆိုင်ရာ အကျိုးခံစားခွင့် လျှောက်ထား ရန်အတွက် အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေ၊ ပုဒ်မ ၁၇ (ဂ) နှင့် ပုဒ်မ ၄၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၉) အရ နိုင်ငံတော်အတွင်း နေထိုင်ခြင်းမရှိသည့် ပုဂ္ဂိုလ်တစ်ဦးဦးကိုယ်စား အခွန်ဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်မည့်ကိုယ်စားလှယ်အဖြစ် ဦး/ ဒေါ် .........................................၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်၊ ...................................................... အား ကိုယ်စားလှယ်အဖြစ် လွှဲအပ်ပါကြောင်း တင်ပြအပ်ပါသည်။

၂။ ကိုယ်စားလှယ်၏ ထိုးမြဲလက်မှတ်နမူနာမှာ အောက်ပါအတိုင်းဖြစ်ပါသည်

က။ .................................... ခ။ .................................... ဂ။....................................

ကုမ္ပဏီ
ရုံးတံဆိပ်

လက်မှတ် ........................................

အမည် ........................................

ရာထူး ........................................

ကုမ္ပဏီအမည် ........................................

မိတ္တူကို

ရုံးလက်ခံ

ပတခ (ဝင) -၁၁-၀၂

**အမှတ်စဉ်၊ ....................**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

## ပြည်တွင်းအခွန်များဦးစီးဌာန

Internal Revenue Department Internal Revenue Department Internal Revenue Department Internal Revenue Department Internal Revenue Department Internal Revenue Department Internal Revenue Department Internal Revenue Department

စာအမှတ်၊ ............................

ရက်စွဲ ၊ ......................

သို့

အခွန်ထမ်းအမည်၊ ................................

လိပ်စာ၊ ...............................................

အကြောင်းအရာ။ **DTA ဆိုင်ရာ အကျိုးခံစားခွင့်ရရှိကြောင်း အကြောင်းကြားစာ**

ရည်ညွှန်းချက် ။ ......................၏........................ရက်စွဲပါ DTA အကျိုးခံစားခွင့်လျှောက်လွှာ။

၁။ လူကြီးမင်း၏ ရည်ညွှန်းပါစာဖြင့် တင်ပြခဲ့သည့် မြန်မာနိုင်ငံနှင့် .............................. နိုင်ငံတို့ အကြား ချုပ်ဆိုထားသည့် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးသဘောတူ စာချုပ် (DTA) အရ ပြည်ပနေ ပုဂ္ဂိုလ်အတွက် အခွန်ဆိုင်ရာအကျိုးခံစားခွင့် လျှောက်လွှာအား လက်ခံရရှိပါသည်။

၂။ ဤရုံး၏ စိစစ်ချက်အရ လူကြီးမင်း ....................... ရက်နေ့မှ ......................... ရက်နေ့အထိ မြန်မာနိုင်ငံအတွင်း ဖြစ်ထွန်းပေါ်ပေါက်သည့် ဝင်ငွေစုစုပေါင်း ............................ အပေါ် ကျသင့်သည့် ပင်ရင်းမှ နုတ်ယူပေးသွင်းသည့်ဝင်ငွေခွန်နှင့်စပ်လျဉ်း၍ အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးသဘောတူစာချုပ်၊ အခန်း .............၊ အပိုဒ် ........................................ အရ မြန်မာနိုင်ငံအတွင်း ဖြစ်ထွန်းပေါ်ပေါက်သည့် ဝင်ငွေအပေါ် အခွန်ကင်းလွတ်ခွင့်/ သက်သာခွင့် (................. ရာခိုင်နှုန်း) ခံစားခွင့် ရရှိကြောင်း အကြောင်းကြားပါသည်။

ရုံးတံဆိပ်

တာဝန်ခံအရာရှိ
ပြည်တွင်းအခွန်များဦးစီးဌာန
........................................ရုံး

မိတ္တူကို

ရုံးလက်ခံ

ပတခ (ဝင) -၁၁-ဝ၃

**အမှတ်စဉ်၊...................**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

## ပြည်တွင်းအခွန်များဦးစီးဌာန

Internal Revenue Department Internal Revenue Department Internal Revenue Department Internal Revenue Department Internal Revenue Department Internal Revenue Department Internal Revenue Department Internal Revenue Department

စာအမှတ်၊ .............................

ရက်စွဲ ၊ ......................

သို့

အခွန်ထမ်းအမည်

လိပ်စာ

အကြောင်းအရာ။ **DTA ဆိုင်ရာ အကျိုးခံစားခွင့် မရရှိကြောင်း အကြောင်းကြားစာ**

ရည်ညွှန်းချက် ။ ......................၏.........................ရက်စွဲပါ DTA အကျိုးခံစားခွင့်လျှောက်လွှာ။

၁။ လူကြီးမင်း၏ ရည်ညွှန်းပါစာဖြင့် တင်ပြခဲ့သည့် မြန်မာနိုင်ငံနှင့် ........................ နိုင်ငံတို့ အကြား ချုပ်ဆိုထားသည့် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးသဘောတူ စာချုပ် (DTA) အရ ပြည်ပနေ ပုဂ္ဂိုလ်အတွက် အခွန်ဆိုင်ရာအကျိုးခံစားခွင့် လျှောက်လွှာအား လက်ခံရရှိပါသည်။

၂။ ဤရုံး၏ စိစစ်ချက်အရ လူကြီးမင်း ....................... ရက်နေ့မှ ......................... ရက်နေ့အထိ မြန်မာနိုင်ငံအတွင်း ဖြစ်ထွန်းပေါ်ပေါက်သည့် ဝင်ငွေစုစုပေါင်း ............................ အပေါ် ကျသင့်သည့် ပင်ရင်းမှ နုတ်ယူပေးသွင်းသည့်ဝင်ငွေခွန်နှင့်စပ်လျဉ်း၍ အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးသဘောတူစာချုပ်ပါ အကျိုးခံစားခွင့်နှင့် ကိုက်ညီမှု မရှိပါသဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ထွန်းပေါ်ပေါက်သည့် ဝင်ငွေအပေါ် အခွန်ကင်းလွတ်ခွင့်/ သက်သာခွင့် ခံစားခွင့် မရရှိပါကြောင်း နှင့် ဝင်ငွေရရှိသည့်အခါတိုင်း သက်ဆိုင်ရာ အခွန်ရုံးသို့ ပင်ရင်းမှအခွန်ငွေနုတ်ယူပေးသွင်းခြင်းခံရ မည်ဖြစ်ပါကြောင်း အကြောင်းကြားပါသည်။

ရုံးတံဆိပ်

တာဝန်ခံအရာရှိ

ပြည်တွင်းအခွန်များဦးစီးဌာန

.........................................ရုံး

မိတ္တူကို

ရုံးလက်ခံ